အက်ိုင်ပြည်သူ့လွှတ်တော်ရုံး

သုတေသနဌာန

ရက်စွဲ။ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၂၀ ရက်

# ၂၀၁၁ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့သည့်ဥပဒေများ အနက် ပြန်လည်ပြင်ဆင်ခဲ့သည့် ဥပဒေများအားလေ့လာခြင်း


**အကျဉ်းချုပ်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပထမအကြိမ်လွှတ်တော်ကို (၃၁-၁-၂၀၁၁ ရက် မှ ၂၉-၁-၂၀၁၆ ရက်ထိ) နှင့် ဒုတိယအကြိမ်လွှတ်တော်ကို (၁-၂-၂၀၁၆ ရက်မှ ၃၀-၁-၂၀၂၁ ရက်ထိ) ၅ နှစ်သက်တမ်းအသီးသီး ဆောင်ရွက်ခဲ့ပါသည်။ ပထမအကြိမ်လွှတ်တော်နှင့် ဒုတိယ အကြိမ်လွှတ်တော်တို့တွင် နိုင်ငံတော်နှင့်ပြည်သူတို့၏ အကျိုးစီးပွားကိုရှေ့ရှု၍ အများပြည်သူအတွက် အကျိုးပြုမည့်ဥပဒေများကို ပြဋ္ဌာန်းခြင်း၊ ခေတ်နှင့်မလျော်ညီသည့်တည်ဆဲဥပဒေများကို ရုပ်သိမ်း၍အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ဥပဒေမူကြမ်းများအပေါ် စိစစ်ခြင်းတို့ကို အရေးပါသောအခန်းကဏ္ဍတစ်ခုအဖြစ် ဥပဒေပြုရေးလုပ်ငန်းစဉ်တွင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ပထမအကြိမ်လွှတ်တော်သက်တမ်း (၅) နှစ်တွင် ဥပဒေပေါင်း (၂၃၂) ခုကို ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဒုတိယအကြိမ်လွှတ်တော်ကာလတွင် ၃-၉-၂၀၂၀ ရက်ထိ ဥပဒေပေါင်း (၁၄၂) ခုတို့ကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပေးခဲ့ပါသည်။

ဤစာတမ်းတိုတွင် လွှတ်တော်၏အခန်းကဏ္ဍဖြစ်သော ဥပဒေပြဋ္ဌာန်းခြင်း၊ အသစ်ရေးဆွဲခြင်း၊ တည်ဆဲဥပဒေများကိုပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းတို့နှင့် ပထမအကြိမ်လွှတ်တော်နှင့် ဒုတိယအကြိမ်လွှတ်တော်တို့တွင် အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့သောဥပဒေများအနက်မှ ပြဋ္ဌာန်းပြီး တစ်နှစ်အကြာတွင် ပြန်လည်ပြင်ဆင်ခဲ့ရသည့်ဥပဒေအချို့နှင့် ပြင်ဆင်ရခြင်း၏ကျိုးကြောင်းတို့ကို လေ့လာ၍ ပြုစုထားပါသည်။


**စာတမ်းတိုအမှတ်စဉ် (၁၆၁)**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း........................................................................................ | ၃ |
| ၂။ | ရည်ရွယ်ချက်.................................................................................. | ၃ |
| ၃။ | အချက်အလက်ဖော်ပြမှုနည်းနာနိဿယများ............................................... | ၃ |
| ၄။ | ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ...................................... | ၄ |
| ၅။ | ပထမအကြိမ်နှင့် ဒုတိယအကြိမ်လွှတ်တော်ကာလတို့၏ ဥပဒေပြုမှုများ..................... | ၄ |
| | (က) ပထမအကြိမ်လွှတ်တော် (၃၀-၃-၂၀၁၁ မှ ၂၉-၁-၂၀၁၆ ထိ).......................... | ၄ |
| | (ခ ) ဒုတိယအကြိမ်လွှတ်တော်( ၁-၂-၂၀၁၆ မှ ၃-၉-၂၀၂၀ ထိ)............................ | ၅ |
| ၆။ | အသစ်ပြဋ္ဌာန်းထားသည့် ဥပဒေအချို့အားပြန်လည်ပြင်ဆင်ခြင်း............................. | ၅ |
| ၇။ | အသစ်ရေးဆွဲပြဋ္ဌာန်းပြီး တစ်နှစ်အကြာတွင်ပြင်ဆင်ခဲ့ရသည့်ဥပဒေများ..................... | ၇ |
| ၈။ | လေ့လာတွေ့ရှိချက်များ........................................................................ | ၁၄ |
| ၉။ | နိဂုံး.............................................................................................. | ၁၅ |

**နိဒါန်း**

၁။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် အဓိကခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး မဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်ဟူ၍ ပိုင်းခြားခြင်းဖြင့် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းခြင်းတို့ပြုပါသည်။ ဥပဒေပြုရေးမဏ္ဍိုင်ဖြစ်သော လွှတ်တော်သည်ဥပဒေပြုရေး အတွက် ဝန်ကြီးဌာနများမှ စီမံခန့်ခွဲလျက်ရှိသည့်တည်ဆဲဥပဒေများကို လွှတ်တော်နှင့်သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဗဟိုအဖွဲ့အစည်းများနှင့် စိစစ်သုံးသပ်၍ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ ပြောင်းလဲ နေသည့်ခေတ်ကာလအခြေအနေတို့အရ လိုအပ်လာသည့်ဥပဒေများကို ရေးဆွဲပြဋ္ဌာန်းခြင်း၊ တည်ဆဲ ဥပဒေများကို ရုပ်သိမ်း၍ ဥပဒေအသစ်ရေးဆွဲခြင်း၊ ခေတ်နှင့်မလျော်ညီသည့်ဥပဒေများကို လုံးဝ ရုပ်သိမ်းခြင်းနှင့်ဥပဒေများပြင်ဆင်ခြင်းတို့ကိုလွှတ်တော်က ဆောင်ရွက်ခြင်းဖြစ်ပါသည်။ အလားတူ လွှတ်တော်သည် အစိုးရအားစောင့်ကြည့်လေ့လာ ထိန်းကျောင်းခြင်းကိုလည်း ဆောင်ရွက်လျက်ရှိ ပါသည်။

**ရည်ရွယ်ချက်**

၂။ ဤစာတမ်းတိုရေးသားရခြင်း၏ရည်ရွယ်ချက်မှာ

(က) ပထမအကြိမ်နှင့်ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့်ဥပဒေ များကို သိရှိနိုင်စေရန်၊

(ခ ) ဥပဒေပြုရေးလုပ်ငန်းဖော်ဆောင်ရာတွင် ပြဋ္ဌာန်းပြီးဥပဒေများမှ ပြန်လည်ပြင်ဆင် ရခြင်း၏ အကြောင်းအကျိုးကို သိရှိနိုင်စေရန်နှင့် ထည့်သွင်းစဉ်းစားရမည့် အချက် များအနေဖြင့် အထောက်အကူပြုနိုင်ရန် ရည်ရွယ်ပါသည်။

**အချက်အလက်ဖော်ပြမှု နည်းနာနိဿယများ**

၃။ ဤစာတမ်းတိုတွင် အသုံးပြုထားသော အချက်အလက်များသည် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီမှလည်းကောင်း၊ ပြည်ထောင်စုလွှတ်တော် Website မှ ခုနှစ်အလိုက် ထုတ်ပြန်ပြီးသည့်ဥပဒေများမှလည်းကောင်း၊ ပြဋ္ဌာန်းပြင်ဆင်ထားသည့်ဥပဒေစာရင်းမှ သုတေသန ပြုစုလေ့လာ၍ ကောက်နုတ်တင်ပြထားခြင်းဖြစ်ပါသည်။

**ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သည့်ဥပဒေများ**

၄။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဥပဒေပြုရေးအတွက် ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်ကို ၃၁-၁-၂၀၁၁ ရက်မှ ၂၉-၁-၂၀၁၆ ရက်ထိနှင့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်ကို ၁-၂-၂၀၁၆ ရက်မှ ၃၀-၁-၂၀၂၁ ရက်ထိ (၅) နှစ်သက်တမ်းဖြင့် အသီးသီး ဆောင်ရွက်ခဲ့ပါသည်။ ပထမအကြိမ်လွှတ်တော်နှင့် ဒုတိယအကြိမ်လွှတ်တော် သက်တမ်းနှစ်ရပ်တို့တွင် ဥပဒေပေါင်း (၃၇၄) ခု ကို ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပါသည်။[1]

**ပထမအကြိမ်နှင့် ဒုတိယအကြိမ်လွှတ်တော်တို့၏ ဥပဒေပြုမှုများ**

၅။ ပထမအကြိမ်ပြည်ထောင်စုလွှတ်တော်၏ (၅) နှစ် သက်တမ်းတွင် ဥပဒေပေါင်း (၂၃၂) ခုကို ပြဋ္ဌာန်းခဲ့ပြီး ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ (၅) နှစ် သက်တမ်းတွင်လည်း ဥပဒေပေါင်း (၁၄၂) ခုကို ပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ အဆိုပါပြဋ္ဌာန်းခဲ့သည့် ဥပဒေများကို ခုနှစ်အလိုက်ခွဲခြား၍ဥပဒေအသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ မူလဥပဒေရုပ်သိမ်း၍ပြည်လည်ရေးဆွဲခြင်း၊ ရုပ်သိမ်းခြင်း၊ ဘဏ္ဍာရေးဆိုင်ရာဥပဒေပြဋ္ဌာန်းခြင်းတို့ကို ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့ကို ပြုစု၍ အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

**(က) ပထမအကြိမ်လွှတ်တော် (၃၀-၃-၂၀၁၁ မှ ၂၉-၁-၂၀၁၆ ထိ)**

| စဉ် | ဥပဒေ ပြဋ္ဌာန်းသည့် ခုနှစ် | အသစ် ရေးဆွဲ ဥပဒေ | ပြင်ဆင် သည့် ဥပဒေ | မူလဥပဒေရုပ်သိမ်း ၍ပြန်လည်ရေးဆွဲ သည့် ဥပဒေ | ရုပ်သိမ်း သည့် ဥပဒေ | ဘဏ္ဍာရေး ဆိုင်ရာ ဥပဒေ | ပြဋ္ဌာန်း ဥပဒေ စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁။ | ၂၀၁၁ | ၃ | ၉ | ၁ | ၂ | - | ၁၅ |
| ၂။ | ၂၀၁၂ | ၃ | ၂ | ၁၁ | ၄ | ၄ | ၂၄ |
| ၃။ | ၂၀၁၃ | ၆ | ၁၅ | ၉ | ၄ | ၃ | ၃၇ |
| ၄။ | ၂၀၁၄ | ၁၃ | ၂၉ | ၇ | ၄ | ၄ | ၅၇ |
| ၅။ | ၂၀၁၅ | ၁၃ | ၄၀ | ၁၄ | ၃ | ၄ | ၇၄ |
| ၆။ | ၂၉-၁-၂၀၁၆ | ၅ | ၉ | ၈ | - | ၃ | ၂၅ |
| စုစုပေါင်း | | ၄၃ | ၁၀၄ | ၅၀ | ၁၇ | ၁၈ | ၂၃၂ |

[1] ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ ရယူထားခြင်းဖြစ်ပါသည်။

(ခ) ဒုတိယအကြိမ်လွှတ်တော်( ၁-၂-၂၀၁၆ မှ ၃၀-၁-၂၀၂၁ ထိ)

| စဉ် | ဥပဒေ ပြဋ္ဌာန်းသည့် ခုနှစ် | အသစ် ရေးဆွဲ ဥပဒေ | ပြင်ဆင် သည့် ဥပဒေ | မူလဥပဒေရုပ်သိမ်း၍ ပြန်လည်ရေးဆွဲသည့် ဥပဒေ | ရုပ်သိမ်း သည့် ဥပဒေ | ဘဏ္ဍာရေး ဆိုင်ရာ ဥပဒေ | ပြဋ္ဌာန်း ဥပဒေ စုစုပေါင်း |
|---|---|---|---|---|---|---|---|
| ၁။ | ၂၀၁၆ | ၂ | ၈ | ၂ | ၆ | ၁ | ၁၉ |
| ၂။ | ၂၀၁၇ | ၃ | ၁၄ | ၇ | ၁ | ၄ | ၂၉ |
| ၃။ | ၂၀၁၈ | ၂ | ၁၅ | ၁၁ | ၂ | ၆ | ၃၆ |
| ၄။ | ၂၀၁၉ | ၉ | ၁၂ | ၁၅ | - | ၄ | ၄၀ |
| ၅။ | ၃-၉-၂၀၂၀ ရက်ထိ | ၅ | ၆ | ၃ | - | ၄ | ၁၈ |
| စုစုပေါင်း | | ၂၁ | ၅၅ | ၃၉ | ၉ | ၁၉ | ၁၄၂ [2] |

**အသစ်ပြဋ္ဌာန်းထားသည့် ဥပဒေအချို့အားပြန်လည်ပြင်ဆင်ခြင်း**

၆။ ပထမအကြိမ်လွှတ်တော်နှင့်ဒုတိယအကြိမ်လွှတ်တော်တို့တွင် ပြဋ္ဌာန်းခဲ့သည့် ဥပဒေပေါင်း (၃၇၄) ခုရှိပါသည်။ ယင်းဥပဒေပေါင်း (၃၇၄) ခုအနက် လုံးဝအသစ်ရေးဆွဲပြဋ္ဌာန်းခဲ့ရသည့် ဥပဒေပေါင်း(၆၄)ခုရှိခဲ့ပါသည်။ပထမအကြိမ်လွှတ်တော်တွင် ဥပဒေ(၄၃)ခုနှင့် ဒုတိယအကြိမ်လွှတ်တော်တွင်ဥပဒေ(၂၁)ခုတို့ဖြစ်ပါသည်။ အဆိုပါဥပဒေအသစ်(၆၄)ခုသည် အသစ်ရေးဆွဲပြဋ္ဌာန်းခဲ့ခြင်းဖြစ်သော်လည်း ထိုဥပဒေများမှ (၁၃)ခုအား ပြန်လည်ပြင်ဆင်ခဲ့ရပါသည်။ အသစ်ရေးဆွဲပြဋ္ဌာန်းပြီး ပြန်လည်ပြင်ဆင်ခဲ့ရသည့်ဥပဒေ (၁၃) ခုကို တစ်ဖက်ပါဇယားတွင် တွေ့ရှိနိုင်ပါသည်-

[2] ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီမှ ရယူထားခြင်းဖြစ်ပါသည်။

## အသစ်ရေးဆွဲပြဋ္ဌာန်းပြီး ပြန်လည်ပြင်ဆင်ခဲ့ရသည့်ဥပဒေ (၁၃)ခု

| စဉ် | ဥပဒေအမည် | အသစ်ပြဋ္ဌာန်းသည့်ရက်စွဲ | ပြန်လည်ပြင်ဆင်ရသည့်ရက်စွဲ | ပြင်ဆင်ရသည့်အကြိမ် |
|---|---|---|---|---|
| ၁။ | ငြိမ်းချမ်းစွာစုဝေးခွင့်နှင့်ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေ(၁၅/၂၀၁၁) | ၀၂/၁၂/၂၀၁၁ | (၂၆/၂၀၁၄) ၂၄-၆-၂၀၁၄<br>(၃၈/၂၀၁၆) ၄-၁၀-၂၀၁၆ | ၂ ကြိမ် |
| ၂။ | မြေလွတ်၊မြေလပ်နှင့်မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေ (၁၀/၂၀၁၂) | ၃၀/၃/၂၀၁၂ | (၂၄/၂၀၁၈) ၁၂-၉-၂၀၁၈ | ၁ ကြိမ် |
| ၃။ | နိုင်ငံ့ဝန်ထမ်းဥပဒေ (၅/၂၀၁၃) | ၀၈/၀၃/၂၀၁၃ | (၄၂/၂၀၁၆) ၉-၁၂-၀၁၆<br>(၁၄/၂၀၁၈) ၁၃-၆-၂၀၁၈ | ၂ ကြိမ် |
| ၄။ | တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ (၃၂/၂၀၁၃) | ၀၈/၁၀/၂၀၁၃ | (၄၇/၂၀၁၄) ၁၉-၁၁-၂၀၁၄ | ၁ ကြိမ် |
| ၅။ | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ (၃၇/၂၀၁၃) | ၂၈/၁၁/၂၀၁၃ | (၁၂/၀၁၉) ၂၅-၃-၂၀၁၉ | ၁ ကြိမ် |
| ၆။ | ဘက်စုံပို့ဆောင်ရေးဥပဒေ (၃/၂၀၁၄) | ၃၁/၁/၂၀၁၄ | (၇၄/၂၀၁၅) ၂၈-၁၂-၂၀၁၅ | ၁ ကြိမ် |
| ၇။ | ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး ဆိုင်ရာဥပဒေ (၄/၂၀၁၄) | ၀၆/၀၂/၂၀၁၄ | (၁၃/၂၀၁၈) ၆-၆-၂၀၁၈ | ၁ ကြိမ် |
| ၈။ | အမျိုးသားပညာရေးဥပဒေ (၄၁/၂၀၁၄) | ၃၀/၉/၂၀၁၄ | (၃၈/၂၀၁၅) ၂၅-၆-၂၀၁၅ | ၁ ကြိမ် |
| ၉။ | ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေ(၄၂/၂၀၁၅) | ၁၅/၇/၂၀၁၅ | (၁၄/၂၀၁၈) ၆-၆-၂၀၁၈ | ၁ ကြိမ် |
| ၁၀။ | ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေ (၂၅/၂၀၁၅) | ၀၉/၀၄/၂၀၁၅ | (၁/၂၀၁၇) ၈-၂-၂၀၁၇ | ၁ ကြိမ် |
| ၁၁။ | ရုပ်မြင်သံကြားနှင့်အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေ(၅၃/၂၀၁၅) | ၂၈/၀၈/၂၀၁၅ | (၉/၂၀၁၈) ၂၂-၆-၂၀၁၈ | ၁ ကြိမ် |
| ၁၂။ | ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ (၁၀/၂၀၁၆) | ၁၈/၁/၂၀၁၆ | (၈/၂၀၁၇) ၂၆-၅-၂၀၁၇ | ၁ ကြိမ် |
| ၁၃။ | အထူးကုန်စည်ခွန်ဥပဒေ(၁၁/၂၀၁၆) | ၁၈/၁/၂၀၁၆ | (၁၇/၂၀၁၇) ၂၆-၇-၂၀၁၇ | ၁ ကြိမ် |

၇။ ဖော်ပြပါဇယားအရ အသစ်ရေးဆွဲပြဋ္ဌာန်းပြီးမှ ပြန်လည်ပြင်ဆင်ခဲ့ရသည့် ဥပဒေ (၁၃) ခု အနက် ဥပဒေ (၄) ခုသည် ပထမအကြိမ်လွှတ်တော်သက်တမ်းတွင် ပြဋ္ဌာန်း၍ပထမအကြိမ်မှာပင်ပြန်လည်ပြင်ဆင်ရခြင်းဖြစ်ပါသည်။ ကျန်သည့်ဥပဒေ (၉) ခုကို ဒုတိယအကြိမ်လွှတ်တော် သက်တမ်းတွင် ပြန်လည်ပြင်ဆင်ခဲ့သည်ကိုတွေ့ရှိရပါသည်။

၈။ အသစ်ရေးဆွဲပြဋ္ဌာန်းပြီးမှ ပြန်လည်ပြင်ဆင်ရသည့် ဥပဒေ (၁၃) ခုတို့တွင်–

ပြဋ္ဌာန်းပြီး တစ်နှစ်အကြာတွင် ဥပဒေ (၅) ခု ကိုလည်းကောင်း၊

နှစ်နှစ်အကြာတွင် ဥပဒေ (၁) ခု ကိုလည်းကောင်း၊

သုံးနှစ်အကြာတွင် ဥပဒေ (၂) ခု ကိုလည်းကောင်း၊

လေးနှစ်အကြာတွင် ဥပဒေ (၁) ခု ကိုလည်းကောင်း

ခြောက်နှစ်အကြာတွင် ဥပဒေ (၄)ခု ကိုလည်းကောင်းအဆိုပါဥပဒေများအား ပြန်လည်ပြင်ဆင်ခဲ့ရသည်ကို လေ့လာတွေ့ရှိရပါသည်။ ၎င်းတို့အနက် **“ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခွင့်ဆိုင်ရာဥပဒေနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ”**တို့သည် ပြဋ္ဌာန်းပြီး (၆) နှစ်အတွင်း (၂) ကြိမ်ပြင်ဆင်ခဲ့ရပါသည်။ [3]

**အသစ်ရေးဆွဲပြဋ္ဌာန်းပြီး တစ်နှစ်အကြာတွင်ပြင်ဆင်ခဲ့ရသည့်ဥပဒေများ**

၉။ လုံးဝအသစ်ရေးဆွဲပြဋ္ဌာန်းပြီးမှ တစ်နှစ်အကြာတွင် ပြန်လည်ပြင်ဆင်ခဲ့ရသည့်ဥပဒေ (၅)ခု ရှိပါသည်။ ၎င်းတို့မှာ –

- ❖ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ (၃၂/၂၀၁၃) – (၄၇/၂၀၁၄)
- ❖ ဘက်စုံပို့ဆောင်ရေးဥပဒေ (၃/၂၀၁၄) – (၇၄/၂၀၁၅)
- ❖ အမျိုးသားပညာရေးဥပဒေ (၄၁/၂၀၁၄) – (၃၈/၂၀၁၅)
- ❖ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ (၁၀/၂၀၁၆) – (၈/၂၀၁၇)
- ❖ အထူးကုန်စည်ခွန်ဥပဒေ (၁၁/၂၀၁၆) – (၁၇/၂၀၁၇)

၁၀။ အဆိုပါဥပဒေ (၅) ခုတွင် ပြန်လည်ပြင်ဆင်ခဲ့ရသည့် အကြောင်းအကျိုးတို့ကို လေ့လာ၍ ဥပဒေတစ်ခုချင်းအလိုက် ပြုစုထားပါသည်။

၁၁။ တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ (ဥပဒေအမှတ် ၃၂/ ၂၀၁၃) ကို ပြဋ္ဌာန်းပြီးတစ်နှစ်အကြာတွင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ် ၄၇/၂၀၁၄) ဖြင့်

[3] ပြည်သူ့လွှတ်တော်ရုံး သုတေသနဌာန ဥပဒေရေးရာဌာနရှိ ဥပဒေပြုစုစာရင်း

ပြန်လည်ပြင်ဆင်ခဲ့ပါသည်။ ပြင်ဆင်ချက်မှာ မူလဥပဒေ၏ ပုဒ်မတစ်ခုကို အစားထိုးခြင်းဖြစ်ပါသည်။ ပြင်ဆင်ရခြင်း၏အကြောင်းအကျိုးမှာ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းများကို ဒုတိယသမ္မတတစ်ဦးက ဦးဆောင်နိုင်ရေးအတွက်ဖြစ်ပါသည်။ ပြင်ဆင်ချက်မှာ အောက်ပါအတိုင်းပြင်ဆင်ခြင်းဖြစ်ပါသည်–

**အခန်း (၃) ပုဒ်မ ၄ မှ**"ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းများကိုဆောင်ရွက်နိုင်ရန် ဦးဆောင်အဖွဲ့ကို ပြည်ထောင်စုအစိုးရ၊လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ပြည်ထောင်စုဝန်ကြီး၊ မွေးမြူရေးရေလုပ်ငန်းနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးတို့ကို ဦးဆောင်စေပြီး" ဆိုသည်ကို **ပြင်ဆင်မှုပြုရာတွင် " ပြည်ထောင်စုအစိုးရအဖွဲ့သည် တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ဦးဆောင်အဖွဲ့ကို ဒုတိယသမ္မတတစ်ဦးအား ဦးဆောင်စေပြီး"[4] ဟု ပုဒ်မအစားထိုးပြင်ဆင်ခြင်းဖြစ်ပါသည်။**

၁၂။ ဘက်စုံပို့ဆောင်ရေးဥပဒေ (ဥပဒေအမှတ် ၃/ ၂၀၁၄) ကို ပြဋ္ဌာန်းပြီး တစ်နှစ်အကြာတွင် ဘက်စုံပို့ဆောင်ရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ(ဥပဒေအမှတ် ၇၄/၂၀၁၅)ဖြင့်ပြန်လည် ပြင်ဆင်ခဲ့ပါသည်။ ပြင်ဆင်မှုပြုရာတွင် မူလဥပဒေမှအခန်း (၃) ခုရှိ ပုဒ်မခွဲ (၃)ခုတို့၏ စကားရပ်အဓိပ္ပာယ်ဖွင့်ဆိုချက်တို့ကို ပြောင်းလဲပြင်ဆင်ခြင်းဖြစ်ပါသည်။ ပြင်ဆင်ချက်တို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**အခန်း (၁) ပုဒ်မ ၂၊ ပုဒ်မခွဲ (ဒ) တွင် မှတ်ပုံတင်အရာရှိ ဆိုသည့် စကားရပ်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပြောင်းလဲပြင်ဆင်ခြင်း၊**

**အခန်း (၃) ပုဒ်မ ၇၊ ပုဒ်မခွဲ (က) နှင့် အခန်း (၁၅) ပုဒ်မ ၅၉၊ ပုဒ်မခွဲ (ဂ) တို့မှ " ပို့ဆောင်ရေးဦးစီးဌာန" ၏အမည်ကို "ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်ဦးစီးဌာနအမည် ပြောင်းလဲပြင်ဆင်ခြင်း။** [5]

[4] တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့်အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့် ၂၀၁၄ ခုနှစ် ပြင်ဆင်သည့်ဥပဒေ
[5] ဘက်စုံပို့ဆောင်ရေးဥပဒေနှင့် ၂၀၁၅ ခုနှစ် ပြင်ဆင်သည့်ဥပဒေ

၁၃။ အမျိုးသားပညာရေးဥပဒေ (ဥပဒေအမှတ် ၄၁/ ၂၀၁၄) ကို ပြဋ္ဌာန်းပြီးတစ်နှစ်အကြာတွင် အမျိုးသားပညာရေးဥပဒေကိုပြင်ဆင်သည့်ဥပဒေ(ဥပဒေအမှတ် ၃၈/၂၀၁၅)ဖြင့်ပြန်လည် ပြင်ဆင်ခဲ့ပါသည်။ မူလဥပဒေ၌အခန်းပေါင်း (၁၄) ခန်းရှိသည့်အနက် အခန်းပေါင်း (၁၁) ခန်းတို့မှ ပုဒ်မ၊ ပုဒ်မခွဲများစွာတို့ကို ပြင်ဆင်ခဲ့ခြင်းဖြစ်ပါသည်။[6] ပြင်ဆင်မှုများပြုရာတွင် မူလဥပဒေ၏–

အခန်း (၁) ပုဒ်မ ၂ မှ ပုဒ်မခွဲ(ဖ)ခုကို အစားထိုး ပြင်ဆင်ခြင်း၊ ပုဒ်မ(ရ)တွင် "အမျိုးသားပညာရေးကော်မရှင်က"ဆိုသည့်စကားရပ်ကို "အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက" ဟု စကားရပ်ဖြင့်အစားထိုးပြင်ဆင်ခြင်း၊ "လူတိုင်းအကျုံးဝင်ပညာရေး"ဆိုသည့်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို ပုဒ်မခွဲ(အ)ဖြင့် အသစ်ဖြည့်စွက်ခြင်း၊

အခန်း(၂) ပုဒ်မ ၃ တွင် ပုဒ်မခွဲ(၂)ခု အသစ်ထပ်မံဖြည့်စွက်ပြင်ဆင်ရာတွင်–

- နိုင်ငံသားများ၏ မွေးရာပါအခွင့်အရေးဖြစ်သော ပညာသင်ယူခွင့်ကိုနိုင်ငံသားတိုင်းခံစားရရှိစေရန်၊
- ပညာရေးဆိုင်ရာမဟာဗျူဟာများ၊မူဝါဒများ၊စီမံကိန်းများနှင့် ဥပဒေများကိုပြည်သူလူထုကသိရှိရယူနိုင်ရန် ဟုအသစ်ဖြည့်စွက်ရာတွင် ပုဒ်မခွဲ(ဇ)နှင့်ပုဒ်မခွဲ(ဈ) တို့ဖြင့် အသစ်ထပ်မံဖြည့်စွက်ခြင်း၊

အခန်း(၃) ပုဒ်မ ၄ တွင် ပုဒ်မခွဲ(၄)ခုကို အသစ်ထပ်မံဖြည့်စွက်ပြင်ဆင်ရာတွင်–

- ပညာရေးဆိုင်ရာအခြား ဥပဒေများနှင့်အညီပညာရေးလွတ်လပ်ခွင့်ရရှိရေး၊
- ပညာရေးမူဝါဒနှင့်ဆက်စပ်ဥပဒေများနှင့် နည်းဥပဒေများရေးဆွဲရာတွင်ကျွမ်းကျင်ပညာရှင်နှင့် ဆရာမိဘများထံမှအကြံပြုချက်ရယူရေး၊
- ဆရာသမဂ္ဂနှင့် ကျောင်းသားသမဂ္ဂဆိုင်ရာ တက္ကသိုလ် ပဋိညာဉ်စာတမ်းနှင့်အညီ လွတ်လပ်စွာဖွဲ့စည်းထူထောင် လှုပ်ရှားခွင့်ရှိရေး၊
- ဗဟိုချုပ်ကိုင်မှုလျှော့ချသည့် ပညာရေးစနစ်ကို ကျင့်သုံးရေးတို့အတွက် ပုဒ်မခွဲ (၃)ခု ကို အသစ်ထပ်မံ ဖြည့်စွက်ခြင်း၊

[6] အမျိုးသားပညာရေးဥပဒေနှင့် ၂၀၁၅ ခုနှစ် ပြင်ဆင်သည့်ဥပဒေ

အခန်း(၄) တွင် မူလဥပဒေ၌ပါရှိသောပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၉ တို့မှပြဋ္ဌာန်းချက်များအားလုံးကိုလုံးဝပြောင်းလဲ၍ ပြဋ္ဌာန်းချက်အသစ်များဖြင့် ထူးထူးခြားခြား အစားထိုးပြင်ဆင်သည်ကို တွေ့ရှိရပါသည်။

အခန်း(၅) တွင် ပုဒ်မ (၄)ခုကို အစားထိုးပြင်ဆင်ချက်များမှာ–

- ပညာရေးအဆင့်အတန်းတို့ကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်မှုကော်မတီကစိစစ်ရမည်ဟု ပုဒ်မအစားထိုးခြင်း၊
- နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာကျောင်းများနှင့် သင်တန်းများကို ပညာရေးဆိုင်ရာအခြားဥပဒေများနှင့်အညီ စီမံခန့်ခွဲခွင့်ရှိသော ကျောင်းများနှင့် သင်တန်းများထူထောင်ရမည်ဟု ပုဒ်မအစားထိုးခြင်း၊
- ကော်မရှင်သည် အဆင့်မြင့်ပညာရေးကိစ္စများကို ညှိနှိုင်းဆောင်ရွက်နိုင်ရန် သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လွတ်လပ်စွာရပ်တည်သောကော်မတီတစ်ခုကို ဖွဲ့စည်းပေးနိုင်သည်ဟု ပုဒ်မအစားထိုးခြင်း၊
- သုတေသနနှင့် ပညာရေးဖွံ့ဖြိုးရေးကဏ္ဍ၊ တက္ကသိုလ်ဝင်ခွင့်ကဏ္ဍ၊ တက္ကသိုလ်ကောင်စီက တာဝန်ယူဆောင်ရွက်သည့်ကဏ္ဍ၊ အဆင့်မြင့်ပညာကျောင်းများသည် လုပ်ငန်းများကို လွတ်လပ်စွာစီမံခန့်ခွဲခွင့်ကဏ္ဍတို့အတွက် ပုဒ်မခွဲ(၄)ခုဖြင့် အစားထိုး ပြင်ဆင်သည်ကို လေ့လာတွေ့ရှိရပါသည်။

အခန်း(၅) တွင် ပုဒ်မခွဲ(၆) ခုတွင် စကားရပ်များဖြင့် အစားထိုးပြင်ဆင်ခြင်းမှာ–

- စစ်ဆေးအကဲဖြတ်ခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာပညာရေးဥပဒေ၏ နည်းဥပဒေများတွင်သတ်မှတ်ပြဋ္ဌာန်းရမည်ဟု ပုဒ်မခွဲ အစားထိုးခြင်း၊
- တိုင်းရင်းသားဘာသာစကားရိုးရာဓလေ့နှင့် သမိုင်းအမွေအနှစ်များဖွံ့ဖြိုးတိုးတက်စေရေးအတွက် လိုအပ်သောဆရာများမွေးထုတ်ပေးရန် ဟု ပုဒ်မခွဲ အစားထိုးခြင်း၊
- မသန်စွမ်းသူများအား သင့်လျော်သည့် သင်ကြားရေးနည်းစနစ်များဖြင့် သင်ကြားပေးနိုင်မည့် ဆရာများပေါ်ထွန်းစေရန် ဟု ပုဒ်မခွဲ အစားထိုးခြင်း၊
- ပညာရေးအဆင့်သတ်မှတ်မှုတွင် “မူလတန်းအဆင့်”၊ “အလယ်တန်းအဆင့်” “အထက်တန်းအဆင့်” စသည့်စကားရပ်တို့၏ရှေ့တွင် “အခြေခံပညာ” ဆိုသည့် စကားရပ်ဖြင့် ပုဒ်မခွဲ(၃)ခု အစားထိုးပြင်ဆင်ထားပါသည်။

အခန်း (၆) တွင် ပုဒ်မ (၂) ခု၏ ပြင်ဆင်ချက်မှာ–

- ပြည်တွင်းပြည်ပမှ ဖွင့်လှစ်သော စကားရပ်ကို ဖြည့်စွက်ခြင်း၊
- မူလပြဋ္ဌာန်းချက်တွင် "တည်ထောင်ခွင့်ရရှိသော ကျောင်းမှတာဝန်ရှိသူကသာ" ဆိုသည်ကို "တည်ထောင်ခွင့်ရရှိသော ကျောင်းများသည်" ဟုစကားရပ်ဖြင့် ပြင်ဆင်ခြင်းဖြစ်ပါသည်။ ထိုပြင် ပုဒ်မခွဲ(၅) ခုကိုလည်း ပုဒ်မခွဲများအလိုက် အစားထိုး ပြင်ဆင်သည်ကို တွေ့ရှိရပါသည်။
- အခန်း (၇) တွင် ပုဒ်မ(၁)ခုနှင့် ပုဒ်မခွဲ(၁)ခုတို့ကို စကားရပ်ဖြင့်အစားထိုးပြင်ဆင်၍ ပုဒ်မတစ်ခုဖြစ်သော မူလဥပဒေ၏ ပုဒ်မ ၄၀ ကို ပြောင်းလဲပြင်ဆင်ရာတွင် ပြဋ္ဌာန်းချက်အစား "ကော်မရှင်သည် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီကို ကျွမ်းကျင်ပညာရှင်များဖြင့်ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးရမည်" ဟု အစားထိုး ပြင်ဆင်ထားပါသည်။ ထိုပြင် ပုဒ်မခွဲ(၆) ခု ကိုလည်း ပုဒ်မခွဲများ အလိုက် အစားထိုးပြင်ဆင်သည်ကို တွေ့ရှိရပါသည်။

အခန်း (၈) တွင် ပုဒ်မခွဲ(၃) ခုကို အစားထိုးပြင်ဆင်ခြင်း၊

အခန်း (၉) တွင် ပုဒ်မခွဲ(၇) ခုကို အစားထိုးပြင်ဆင်ခြင်း၊

အခန်း (၁၁)တွင် ပုဒ်မခွဲ(၆)ခုကို အစားထိုးပြင်ဆင်ခြင်းနှင့် ပုဒ်မခွဲတစ်ခုကိုပယ်ဖျက်ခြင်း၍ ပုဒ်မတစ်ခုအား အစားထိုးပြင်ဆင်ခြင်း၊

အခန်း (၁၂) တွင် ပုဒ်မခွဲ(၈) ခုကို အစားထိုးပြင်ဆင်ခြင်း၊

အခန်း (၁၃) တွင် ပုဒ်မတစ်ခုအစား ပုဒ်မခွဲ(၂)ခုဖြင့် အစားထိုးပြင်ဆင်ခြင်း၊

အခန်း (၁၄) တွင် ပုဒ်မတစ်ခုကို စကားရပ်အစားထိုးပြင်ဆင်မှုပြုရာတွင် "ပြည်တွင်းရှိ လူမှုရေး၊ ဘာသာရေးအသင်းအဖွဲ့များက" ဆိုသည့်စကားရပ်ကို "ပြည်တွင်းရှိလူမှုရေးအဖွဲ့အစည်း၊ ဘာသာရေးအဖွဲ့အစည်းများက" ဆိုသည့် စကားရပ်ဖြင့် အစားထိုး ပြင်ဆင်ထားပါသည်။[7]

၁၄။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို (ဥပဒေအမှတ် ၁၀/၂၀၁၆) ပြဋ္ဌာန်းပြီး တစ်နှစ် အကြာတွင် ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ်

[7] အမျိုးသားပညာရေးဥပဒေနှင့် ၂၀၁၅ ခုနှစ် ပြင်ဆင်သည့်ဥပဒေ

၈/၂၀၁၇) ဖြင့်ပြန်လည်ပြင်ဆင်ခဲ့ပါသည်။ ပြင်ဆင်မှုတွင် မူလဥပဒေတွင် အခန်းပေါင်း (၁၄)ခန်းရှိသည့်အနက် အခန်းပေါင်း(၁၀) ခန်းမှ ပုဒ်မ၊ ပုဒ်မခွဲများအလိုက် အစားထိုးခြင်း၊ ပယ်ဖျက်ခြင်းနှင့်ပြင်ဆင်ခြင်းတို့ဖြစ်ပါသည်။ ပြင်ဆင်မှုပြုရာတွင် မူလဥပဒေ၏[8]–

အခန်း(၁) တွင် ပုဒ်မခွဲတစ်ခု၌ "သို့မဟုတ်" ဆိုသည့်စကားရပ်ကို ဖြုတ်၍ပြင်ဆင်ခြင်း၊

အခန်း(၂) တွင် ပုဒ်မခွဲ (၃)ခုကို အစားထိုးပြင်ဆင်ခြင်းနှင့် ပုဒ်မ ၃ ပုဒ်မခွဲ(ဓ) အားပယ်ဖျက်ခြင်းတို့ဖြစ်ပါသည်။ပယ်ဖျက်ရခြင်း၏အကြောင်းအကျိုးမှာ မူလဥပဒေပုဒ်မ ၃ ပုဒ်မခွဲ(ဓ) ပြဋ္ဌာန်းချက်တွင် "ကုလသမဂ္ဂအထွေထွေညီလာခံက ထုတ်ပြန်ထားသည့်ပြစ်မှုဆိုင်ရာတရားစီရင်ရေးနှင့်စပ်လျဉ်းသည့် ဥပဒေဆိုင်ရာအထောက်အကူပေးရေးအခြေခံ သဘောတရားများ၊ လမ်းညွှန်မှုများနှင့်အညီ ဆောင်ရွက်နိုင်ရန်" ဟုပြဋ္ဌာန်းချက်သည် မိမိတို့နိုင်ငံအနေဖြင့် လိုက်နာရန်ခက်ခဲသည့်အချက်များ ပါဝင်နိုင်သောကြောင့် ပယ်ဖျက်ပြင်ဆင်သည်ကို တွေ့ရှိရပါသည်။

အခန်း (၃) တွင် ပုဒ်မခွဲ တစ်ခုကို စကားရပ်ဖြင့်အစားထိုးပြင်ဆင်ခြင်း၊

အခန်း (၄) တွင် ပုဒ်မခွဲ (၃) ခုကို စကားရပ်အစားထိုးပြင်ဆင်၍ ပုဒ်မခွဲတစ်ခုအသစ် ဖြည့်စွက်ခြင်းဖြစ်ပါသည်–

- "အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီး" ဆိုသည့်စကားရပ်ကို "စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန" ဟုပြောင်းလဲပြင်ဆင်ခြင်း၊
- "တရားလွှတ်တော်ရှေ့နေအဖြစ် ၁၅ နှစ် အောက်မနည်း အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေတစ်ဦး"ဆိုသည့်စကားရပ်ကို "တရားလွှတ်တော်ရှေ့နေအဖြစ်အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး" ဟု ပြောင်းလဲပြင်ဆင်ခြင်း၊
- "အဖွဲ့ဝင် လေးဦးအနက် ဥက္ကဋ္ဌကတာဝန်ပေးအပ်သူတစ်ဦး (အတွင်းရေးမှူး)" ဟု ပုဒ်မခွဲ အသစ်ဖြည့်စွက်ခြင်း၊
- "ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို အများပြည်သူတို့အတွင်းပြန့်ပွားစေရန်စီမံချက်ရေးဆွဲပြီးအကောင်အထည်ဖော်ဆောင်ရွက်ခြင်း" ဆိုသည့်ပြဋ္ဌာန်းချက်ကို "အများပြည်သူတို့အား ဥပဒေရေးရာနှင့် တရားစီရင်ရေး

[8] ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေနှင့် ၂၀၁၇ ခုနှစ် ပြင်ဆင်သည့်ဥပဒေ

ဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း” ဟု အစားထိုးပြင်ဆင်ခြင်း၊

အခန်း (၅) တွင်ပုဒ်မခွဲ (၄)ခုအား အစားထိုးပြင်ဆင်၍ ပုဒ်မခွဲတစ်ခုကို စကားရပ်ဖြင့် အစားထိုးပြင်ဆင်ခြင်းဖြစ်ပါသည်။ စကားရပ်အစားထိုးပြင်ဆင်မှုပြုရာတွင်–

–“ပြည်နယ်အတွင်းရှိ ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့များ” ဆိုသည့် စကားရပ်ကို “ပြည်နယ်အတွင်းရှိအဆင့်ဆင့်သော ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့များ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးပြင်ဆင်ခြင်း၊

အခန်း (၆) တွင် ပုဒ်မခွဲ(၃)ခုကို အစားထိုးပြင်ဆင်၍ ပုဒ်မခွဲတစ်ခုကို ပယ်ဖျက်ခြင်းဖြစ်ပါသည်။

– ပယ်ဖျက်ပြင်ဆင်ရခြင်း၏ အကြောင်းအကျိုးမှာ မူလဥပဒေ အခန်း(၁၂)၌ ပါရှိသော ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၆ တို့သည် ပြည်ထောင်စုဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့သည် ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အဆင့်ဆင့်အတွက် လိုအပ်သောဘဏ္ဍာငွေအရအသုံးစာရင်းများကို ပြည်ထောင်စုနှစ်စဉ်ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေကြမ်းတွင်ထည့်သွင်းတင်ပြရန် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ တင်ပြရမည်ဟု ပြဋ္ဌာန်းထားခြင်းသည် ဘဏ္ဍာရေးဆိုင်ရာများအတွက် ပြည့်စုံနေ၍ ပုဒ်မ ၁၁ ပုဒ်မခွဲ(ဆ)ကိုပယ်ဖျက်ခြင်းဖြစ်ပါသည်။

အခန်း (၇)၊ အခန်း (၁၁) နှင့် အခန်း (၁၃) တို့မှ ပုဒ်မ၊ ပုဒ်မခွဲ တို့ကို ပြင်ဆင်ရာတွင် ထူးခြားစွာ ပြောင်းလဲမှုမရှိဘဲ စကားရပ်များဖြင့် အစားထိုးပြင်ဆင်သည်ကို တွေ့ရှိရသည်။

အခန်း (၁၄) တွင် ပုဒ်မ(၃)ခုကို အစားထိုးပြင်ဆင်ခြင်းဖြစ်ပါသည်။ ပုဒ်မ ၄၇ ကိုအစားထိုးပြင်ဆင်မှုပြုရာတွင် “မိမိတို့အစီအစဉ်ဖြင့် ဥပဒေအကူအညီပေးဆောင်ရွက်နေသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ” ဟု ပြဋ္ဌာန်းထားခြင်းအစား “ဤဥပဒေသည် မိမိတို့အစီအစဉ်ဖြင့် ဥပဒေအကူအညီပေးဆောင်ရွက်နေသည့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအပေါ် အဟန့်အတားမဖြစ်စေရ” ဟု ပြင်ဆင်သည့် ပြဋ္ဌာန်းချက်သည် ဤဥပဒေကိုလိုက်နာခြင်း၊ မလိုက်နာခြင်းတို့အပေါ်ဖြေလျော့ထား

**သကဲ့သို့ အဆိုပါ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများကို ဥပဒေကစည်းနှောင်မှု မဖြစ်စေခြင်း ဖြစ်ပါသည်။** [9]

၁၅။ အထူးကုန်စည်ခွန်ဥပဒေကို (ဥပဒေအမှတ် ၁၁/ ၂၀၁၆) ပြဋ္ဌာန်းပြီး (၁) နှစ်အကြာတွင် အထူးကုန်စည်ခွန်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ (ဥပဒေအမှတ် ၁၇/ ၂၀၁၇) ဖြင့် ပြန်လည်ပြင်ဆင်ခဲ့ပါသည်။ မူလဥပဒေ၌ အခန်းပေါင်း (၁၄) ခန်းရှိသည့်အနက် အခန်းပေါင်း (၁၀) ခန်းတို့မှပုဒ်မ၊ ပုဒ်မခွဲများအလိုက်အစားထိုးခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းနှင့် စကားရပ် ဖြည့်စွက်ခြင်းတို့ဖြစ်ပါသည်။[10] ပုဒ်မ၊ ပုဒ်မခွဲများစွာကို ပြင်ဆင်သော်လည်း ပြင်ဆင်မှုအများစုသည် စကားရပ် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် စကားရပ်များ ဖြည့်စွက်အစားထိုးခြင်းဖြစ်ရာ–

- **“ကုန်စည်များ ထုတ်လုပ်သည့် လုပ်ငန်းအဆင့်ဆင့်တို့ပါဝင်သည့် အပြင်” ဆိုသည့်စကားရပ်ကို “ကုန်စည်များထုတ်လုပ်ခြင်း၊ ပြင်ဆင်ခြင်း၊ တပ်ဆင်ခြင်း၊စက်ဖြင့်ဖြစ်စေ၊ လက်ဖြင့်ဖြစ်စေ ထုတ်လုပ်ခြင်း၊ ထုတ်ယူခြင်းလုပ်ငန်းများ ပါဝင်သည့်အပြင်” ဆိုသည့်စကားရပ်ဖြင့် အစားထိုးခြင်း၊**
- **“ပြည်ပမှ တင်သွင်းခြင်း”ဆိုသည့်စကားရပ်ကို “ပြည်တွင်းသို့တင်သွင်းခြင်း” ဆိုသည့်စကားရပ်ဖြင့် အစားထိုးပြင်ဆင်သကဲ့သို့ အခြားသော ပုဒ်မ၊ ပုဒ်မခွဲများစွာတို့ကိုလည်း အလားတူဖြည့်စွက်၊ အစားထိုး၊ ပြောင်းလဲ၊ ပြင်ဆင်ခြင်း ဖြစ်ပါသည်။**

**လေ့လာတွေ့ရှိချက်များ**

၁၆။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းပြီးဥပဒေများအနက်မှ တစ်နှစ်အကြာတွင် ပြန်လည်ပြင်ဆင်ခဲ့ရသည့်ဥပဒေ (၅) ခုအပေါ်လေ့လာရာတွင် ဥပဒေကြမ်းများရေးဆွဲစဉ်က အခြေအနေနှင့် အကြောင်းအရာအချက်အလက်အားလုံးတို့ကို လေ့လာသုံးသပ်၍ ဥပဒေကြမ်းရေးဆွဲပြီး ပြဋ္ဌာန်းခဲ့ရာ တစ်နှစ်အကြာတွင် ပြောင်းလဲလာသည့်အချိန်အခါနှင့် ဖြစ်ပေါ်လာသည့်အခြေအနေ အရပ်ရပ်

[9] ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ
[10] အထူးကုန်စည်ခွန်ဥပဒေ

တို့ကြောင့် ဥပဒေတွင် ထပ်မံထည့်သွင်းစဉ်းစားရန် လိုအပ်သည့်အချက်အလက်များကို ပြန်လည်ဖြည့်စွက်ပြင်ဆင်ခဲ့ရခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။

၁၇။ ပြင်ဆင်မှုအများစုသည် စကားရပ်အဓိပ္ပါယ်ဖော်ပြချက်များအားပြင်ဆင်ခြင်း၊ ပုဒ်မခွဲများဖြည့်စွက်ခြင်း၊ စကားရပ်များအစားထိုးခြင်း၊ ပုဒ်မ၊ ပုဒ်မခွဲ အလိုက် အစားထိုးခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းတို့ဖြစ်ပါသည်။ ထိုသို့ပြင်ဆင်ခြင်းသည်မူလဥပဒေပြဋ္ဌာန်းချက်များတွင်လိုအပ်ချက်များကိုပြည့်စုံစေရန် ဖြည့်စွက်ပြင်ဆင်ခြင်းဖြစ်ပါသည်။ ထို့အတူ ပုဒ်မအလိုက် အစားထိုးပြင်ဆင်ရခြင်းနှင့်အခန်းအလိုက်အစားထိုးပြင်ဆင်ရခြင်းတို့သည် မူလဥပဒေ ပြဋ္ဌာန်းချက်များ၏ အကြောင်းအရာ ဖော်ပြချက်များကို ပြောင်းလဲလို၍အစားထိုးပြင်ဆင်ခြင်း ဖြစ်ပါသည်။

၁၈။ ပြောင်းလဲနေသည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးစသည့် အခြေအနေများအရ တည်ဆဲဥပဒေတစ်ရပ်ရပ်တို့သည် ဆီလျော်မှုမရှိဘဲ ပြောင်းလဲဖြစ်ပေါ်မှုများနှင့် လိုက်လျောညီထွေဖြစ်စေရေးအတွက် ဥပဒေများကိုပြင်ဆင်ရခြင်းဖြစ်ပါသည်။ ထို့ပြင် ဥပဒေကို လက်တွေ့အကောင်အထည်ဖော်ရာတွင် ဥပဒေပါ ရည်ရွယ်ချက်အတိုင်း ပြည့်မီရန် အားနည်းချက်များ၊ ချို့ယွင်းချက်များနှင့် လိုအပ်ချက်များ ကြုံတွေ့ရသောကြောင့် ထိုအားနည်းချက်၊ ချို့ယွင်းချက်နှင့် လိုအပ်ချက်များကို ပြုပြင်ရန်အလို့ငှာ ဥပဒေများ ပြင်ဆင်ရခြင်းဖြစ်သည်ကို လေ့လာတွေ့ရှိရပါသည်။

**နိဂုံး**

၁၉။ မြန်မာလွှတ်တော်များ၏ လွှတ်တော်သက်တမ်း ၁၀ နှစ်တာကာလအတွင်း ပြဋ္ဌာန်းပြီးဥပဒေများမှပြန်လည်ပြင်ဆင်ခဲ့ရသည်ကို လေ့လာခြင်းအားဖြင့် ဥပဒေကြမ်းများအပေါ် စိစစ်ခြင်းသည် လွန်စွာအရေးပါခြင်းနှင့် အကျိုးသက်ရောက်မှုများစွာရှိသည်ကို ဖော်ညွှန်းနေပါသည်။ သို့ဖြစ်ပါ၍ လွှတ်တော်ကပြဋ္ဌာန်းလိုက်သည့်ဥပဒေများကို ရည်ရွယ်ချက်ပါအတိုင်း လက်တွေ့အကောင်အထည်ဖော်နိုင်ရေး၊ လိုက်နာနိုင်ရေး၊ ကောင်းမွန်သည့်အကျိုးသက်ရောက်မှု ဖြစ်ထွန်းစေရေးတို့အတွက် ဥပဒေများကိုစဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာသုံးသပ်မှုသည် အရေးပါသည့်

ကဏ္ဍတစ်ခုဖြစ်ပါသည်။ လွှတ်တော်၏ဥပဒေပြုရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရေး အတွက် သုတေသနပြုလုပ်ခြင်းနှင့် သတင်းအချက်အလက်များ မျှဝေပေးခြင်းတို့ဖြင့် လွှတ်တော် ကိုယ်စားလှယ်များမှ နိုင်ငံတော်နှင့်နိုင်ငံသားများအကျိုးစီးပွားဖြစ်ထွန်းစေမည့်ဥပဒေများ ပြဋ္ဌာန်း နိုင်ရေးတွင် အထောက်အကူဖြစ်စေရန် ဤစာတမ်းတိုကို ပြုစုရေးသားခြင်းဖြစ်ပါသည်။

သုတေသနဌာန

ပြည်သူ့လွှတ်တော်ရုံး

**ဤစာတမ်းတိုအား ဒေါ်ဆွေနွယ်ဝင်း (လက်ထောက်ညွှန်ကြားရေးမှူး) မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စတစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ်မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည်အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော်သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။
သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅